

ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ဘုံးကာဘွေရွာ

# အောင်မြတ်သာနှင့်ဘုံးကဘွေရွာ

အောင်မြတ်သာတို့ ဆရာတပည့်တွေ အညာနွေရဲ့ အပူဒဏ်ကို အန်တုရင်း ခရီးဆက်လာခဲ့တာ အတော် ခရီးပေါက်လာ ခဲ့ကြတယ်။

နေကလည်း ဝင်တော့မှာ မို့ ညအိပ်တည်းခိုစရာ နေရာကိုရှာဖွေရင်း ဘုံးကဘွေဆိုတဲ့ ရွာလေးကို ရောက်လာခဲ့တယ်။ ရွာထဲကို ဝင်လိုက်တာနဲ့ အောင်မြတ်သာ နှာခေါင်းထဲ ပုပ်အဲ့အဲ့ အနံ့တစ်ခုက ဝင်ရောက်လာခဲ့တယ်။

ရုတ်တရက် လမ်းလျှောက်နေရင်း ရပ်လိုက်တဲ့ အောင်မြတ်သာကို မြင်တော့ သက်ခိုင်က ...

"ဆရာ ဒီရွာကိုကြည့်ရတာ ပုံမှန် မဟုတ်ဘူး ရွာစည်းတွေလည်း ကျိုးနေတယ် ရွာထိပ်က နတ်နန်းမှာ လည်း အစောင့်မရှိဘူး"

"ဟုတ်တယ် ဒါကြောင့် ထူးဆန်းနေတယ်လို့ ခံစားမိတာ အခြေအနေကို သိရအောင် ရွာထဲ ဝင်ကြည့်ရအောင်"

အောင်မြတ်သာ တို့ လည်း ရွာထဲကို ဆက်ဝင်ခဲ့ကြတယ်။ ရွာလမ်းမတစ်လျှောက် ဆော့ကစား ပြေးလွှားနေတဲ့ ကလေးတွေ၊ လယ်ယာသိမ်းပြီး ပြန်လာတဲ့ ရွာသူ ရွာသားတွေကြောင့် ဘုံးကဘွေရွာလေးက အနည်းငယ် စည်ကားနေတယ်။

ဘေးဘီဝဲယာကို ကြည့်ရင်း လျှောက်လာခဲ့တာ အိမ်တစ်အိမ်အရှေ့

ရောက်တော့ အောင်မြတ်သာ ဆက်မသွားတော့ပဲ ရပ်လိုက်တယ်။

အောင်မြတ်သာရဲ့ အရိပ်အခြေကို စောင့်ကြည့်နေတဲ့ သက်ခိုင်က ...

"ဆရာ ဒီအိမ်မှာ တစ်ခုခု ထူးခြားနေပြီ အိမ်ကနေ ထွက်လာတဲ့ အလင်းက ညိုပုပ်ပုပ် အရောင်ဖြစ်နေတယ် နောက်ပြီး အိမ်မှာ စောင့်တဲ့ အိမ်စောင့်နတ်လည်း မရှိဘူး သူ့ခြံထဲမှာ လည်း နာနာဘာဝအချို့ကို တွေ့ရတယ်"

သက်ခိုင်ရဲ့ စကားကြောင့် အောင်မြတ်သာ အနည်းငယ် ပြုံးလိုက်ပြီး ...

"သက်ခိုင် မင်းတောင် တော်တော် တိုးတက် လာပြီပဲ ဟုတ်တယ် ဒီအိမ်က တစ်ခုခုတော့ မှားနေပြီ လူတော့နေမဲ့ပုံပဲ အကျိုးအကြောင်း သိရအောင် ရွာထဲမှာ စုံစမ်းကြည့်ပါ ငါနဲ့ တောက်ရက ဘုန်းကြီးကျောင်းကို သွားလိုက်ဦးမယ်"

အောင်မြတ်သာနဲ့ သက်ခိုင်တို့ လည်း ရွာလယ်လမ်းဆုံမှာ လမ်းခွဲလိုက်ကြပြီး ဦးတည်ရာ အသီးသီးကို ထွက်လာခဲ့လိုက် ကြတယ်။

"ကျုပ်တို့ ရွာ ဒီတစ်နှစ် နှစ်နှစ်အတွင်း ဘာတွေဖြစ်နေလဲ မသိပါဘူး ဗျာ ဖြစ်လိုက်တဲ့ ရောဂါ သေလိုက်တဲ့ လူတွေ ဒီကြားထဲ စိုက်ပျိုးသီးနှံတွေက မဖြစ်ထွန်း အတော် စိတ်ညစ်သဗျို့"

မလှမ်းမကမ်းက ခြံဝိုင်းထဲမှာ လင်မယားနှစ်ယောက် ညည်းတွားနေတာကို ကြားလိုက်ရတဲ့ သက်ခိုင်က ...

"အိမ်ရှင်တို့ ကျုပ်ကိုဝင်ခွင့်ပြုပါ"

"အေး အေး ဝင် လာလေ"

သက်ခိုင်လည်း ခြံထဲကိုဝင်လိုက်ပြီး အိမ်ရှေ့မှာ ချထားတဲ့ ကွပ်ပျစ်ပေါ်မှာ ထိုင်လိုက်တယ်။

"ဒီကမိတ်ဆွေက ဘယ်သူပါလဲ"

"ကျုပ်က ခရီးသွားပါ နယ်တကာလှည့်ပြီး ဆေးကုနေတဲ့ သူဆိုလည်း မမှားပါဘူး အခုလမ်းသွားရင်း အိမ်ရှင်တို့ ပြောနေတဲ့ စကားကိုကြားလို့ ခဏဝင်လာတာပါ ကျုပ်ဒီရွာကို စရောက်ကတည်းက စိတ်ထဲမသိုးမသန့်ဖြစ်နေတာ ဘာကြောင့်လဲ ဆိုတာတော့ မပြောတတ်ဘူး"

သက်ခိုင် စကားကြောင့် အိမ်ရှင် လင်မယား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ...

"မိတ်ဆွေက ပယောဂတွေ ဘာတွေကုလား"

"နည်းနည်းပါးပါးတော့ ကုတတ်ပါတယ် ကျုပ်ဘာများ ကူညီရမလဲ
"

"ဒီလိုဗျ ညဘက် ဆယ်နာရီလောက် ရောက်ရင် အကောင် နှစ်ဆယ်လောက် ရှိတဲ့ ခွေးအုပ်ကြီးတွေ ကျုပ်တို့ ရွာထဲကို ဝင်လာတတ်တယ် ဒီကောင်တွေက လူတွေကိုလည်း မကြောက်ဘူး မောင်းထုတ်ရင်လည်း ပြန်ကိုက် တတ်ကြသေးတယ် အဲဒီခွေးအုပ်တွေက ရွာထဲမှာ ရှိတဲ့ ကြက်တွေ ဝက်တွေ ဘဲတွေ အကုန်ဆွဲတာ ရိုက်ထုတ် မောင်းထုတ်လည်း ခဏပဲ လူလစ်တာနဲ့ ရွာထဲပြန်ဝင် လာတတ်တယ် မနက်အရုဏ် တက်ခါနီးလောက် ကျမှ အလျှိုလျှို ပျောက်သွားတာ"

"စိတ်ဝင်စားစရာပဲ ဆက်ပြောပါဦး"

"ဒါပေမဲ့ ထူးဆန်းတာက ခွေးအုပ်တွေလာရင် ရွာထဲ အရင်မဝင်ဘဲ ဦးငှက်ကျားနေတဲ့ အိမ်ကို ကြည့်ပြီး စူးစူးဝါးဝါး ထိုးဟောင်တတ်တယ်"

"ဦးငှက်ကျားအိမ် ဆိုတာက ဘယ်နားကလဲ"

"မိတ်ဆွေတို့ ရွာထဲဝင်တာနဲ့ သုံးအိမ်ကျော်ပဲလေ သူ့အိမ်ကို ဆေးအနီတွေ သုတ်ထားတာ သတိထားမိလား"

အိမ်ရှင်ရဲ့ စကားကြောင့် သက်ခိုင် အမှတ်ရသွားတယ်။

"အော် သိပြီ သိပြီ ခွေးတွေနဲ့ အဲဒီအိမ် ဘယ်လို ပတ်သက်မှုရှိလို့ လဲ"

"အဲဒါတော့ ကျုပ်လည်း ပြောတတ်ဘူး ဒီကောင်တွေ ဟောင်ပြီဟော့ဆိုရင် ရွာထဲကခွေးတွေ အမြီးတောင် မလှုပ်ရဲဘူး ခွေးအုပ်တွေက အဝင်တစ်ခါ အထွက်တစ်ခါ ဦးငှက်ကျားအိမ်ကို ကြည့်ပြီး ဟောင်တတ်တယ်"

"အဲဒီအိမ်ထဲကိုရော ဝင်မကြည့်ကြဘူးလား"

"အမယ်လေးလေး ဦးငှက်ကျားဆိုရင် တစ်ရွာလုံးက ဖင်တုန်အောင်ကြောက်တာ သူကြီးကတောင် ဘာမှ မပြောရဲဘူး"

"ဟမ် ဘာကြောင့်များ လဲဗျ"

"ဦးငှက်ကျားက လူသတ်ပြီး ထောင်ကျထားတာ သူ့အိမ်ထဲ ပစ္စည်းဝင်ခိုးတဲ့ သူခိုးသုံးကောင်ကို ဓားနဲ့ ခုတ်သတ်ခဲ့တာ အဲဒီအမှုကြောင့် ထောင်ကျ ခဲ့သေးတယ် ထောင်က ထွက်လာတော့ မိန်းမတစ်ယောက်ပါ ယူလာသေးသဗျာ သူ့မိန်းမကိုတော့ သူကအရမ်းချစ်တာ အဲဒါကြောင့် သူ့အိမ်ထဲ အခွင့်မရှိဘဲဝင်ရင် သူက သတ်မယ်ဆိုပြီး ကြိမ်းထားတယ်"

"ဒါဆို အခုသူက သူ့မိန်းမနဲ့ တူတူနေတာပေါ့"

" မဟုတ်ဘူး ဗျ သူ့မိန်းမက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မီးယပ်ရောဂါနဲ့ ဆုံးသွားပြီ အခုက သူတစ်ယောက်တည်း နေတယ်"

"ဒါဖြင့် ကျုပ်တို့ လာတုန်းက သူ့ခြံထဲမှာ မိန်းမအဝတ်အစားတွေ လှမ်းထားတာ တွေ့မိလိုက်တယ်"

"သူကအဲဒီလိုပဲဗျ မိန်းမသေတော့ လူလည်း အရူးတစ်ပိုင်းလို ဖြစ်နေတာ သူ့မိန်းမ အသုံးအဆောင်တွေ အဝတ်အစားတွေက အစ အခုထိ သိမ်းထားတာ"